# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

November 2 , 2023 Volume 72, Number 2


၂.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၉၇၈ US$ |
| မြန်မာ့ရွှေစျေး | = ၃၄၆၀၀၀၀ ကျပ် |
| ဒေါ်လာစျေး | = ၃၂၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၈၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


### နတ်တလင်းမြို့နယ်ဒေသထွက် ပိန်းဥများ လှိုင်လှိုင်ထွက်ရှိ



ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်အတွင်းရှိ သဲကုန်းကျေးရွာ၊ မြို့ခြံကျေးရွာ၊ သရက် တစ်ပင်ကျေးရွာများတွင် အောက်တိုဘာလမှစ၍ ပိန်းဥများ လှိုင်လှိုင်ထွက်ရှိ နေပြီး ပိန်းဥ(အလုံးကြီး) တစ်ပိဿာလက်လီ (၂,၅၀၀)ကျပ်၊ လက်ကား (၂,၀၀၀)ကျပ်နှင့် ပိန်းဥသားတက် တစ်ပိဿာလျှင် လက်လီ (၃,၀၀၀) ကျပ်၊ လက်ကား (၂,၅၀၀) ကျပ်နှုန်းဖြင့် ရောင်းဝယ် လျက်ရှိကြောင်း၊ ပိန်းဥကို ဇူလိုင်လ ဒုတိယပတ်တွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် စတင်တူးဖော်ကြကြောင်း၊ ပိန်းဥများ စိုက်ပျိုးရန်အတွက် မျိုးကို ယခင်နှစ်ကတူးဖော်ထားရှိသော သားတက် များအား မျိုးအဖြစ် ပြန်လည်အသုံးပြုပါကြောင်း၊ ပိန်းဥ (၀.၂၅) ဧက စိုက်ပျိုးရာ တွင် (မျိုး၊ မြေပြုပြင်ခ၊ စိုက်ခ၊ ပေါင်း မြက်ရှင်းခ၊ ဓာတ်မြေဩဇာ၊ တူးဖော်ခ၊ နွားခ)စုစုပေါင်းကုန်ကျစရိတ် (၃၄၀,၀၀၀)ကျပ်ခန့် ကုန်ကျပါကြောင်း၊ (၀.၂၅) ဧကတွင် ပိန်းဥအကြီး ပိဿာ (၃၀၀) ခန့်နှင့် သားတက် ပိဿာ (၃၀) ခန့်ထွက်ရှိသောကြောင့် တောင်သူအကျိုးအမြတ်အနေဖြင့် ကျပ်(၃၀၀,၀၀၀) ခန့် ရရှိကြောင်း၊ ထွက်ရှိလာသော ပိန်းဥများကို ဒေသတွင်းမြို့နယ်များတွင် ရောင်းချရန်နှင့်ရန်ကုန်မြို့သို့ တင်ပို့ရောင်းချ ရန် ကုန်သည်များမှ အိမ်အရောက်ဝယ်ယူမှုများရှိကြောင်း သိရှိရသည်။

Source: DOCA(ပဲခူး)

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80% 94%

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်ပတ်နှင့်ယခုပတ် နှိုင်းယှဉ်မှုအခြေအနေ

အောက်တိုဘာလ စတုတ္ထပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပုဂံပဲဈေးငြိမ်၍ ပဲတီစိမ်းသေး၊ ပဲကြီး၊ မတ်ပဲ၊ Cp ပြောင်းဖူးစေ့၊ ပဲနီလုံးကြား၊ ကုဖြူလုံးကြီး၊ ကုလားပဲထိုင်ဝမ်၊ ကုဖြူလုံးသေးနှင့် ကုလားပဲ 929 ဈေးနှုန်းများ ဈေးအနည်းငယ်မြင့်တက်နေပြီး၊ ပဲတီစိမ်းကြီး၊ ဂျုံဖြူသန့်၊ ဂျုံထွက်တိုး၊ ပဲနီလုံးရိုးရိုး ဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၆၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၆၀၀၀)ကျပ်၊ ပဲကြီး (၁၂၀၀၀၀)ကျပ်၊ မတ်ပဲ (၈၇၅၀၀) ကျပ်၊ ပဲတီစိမ်းကြီး (၅၃၀၀၀) ကျပ်၊ ပဲတီစိမ်းသေး (၄၉၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၄၀၀၀-၅၂၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၅၀၀၀-၅၄၀၀၀) ကျပ်၊ ပုဂံပဲ (၉၀၀၀၀) ကျပ်၊ ပဲပုပ်စေ့ (၇၈၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၁၉၀၀၀) ကျပ်၊ ကုလားဖြူလုံးကြီး (၉၁၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၉၃၀၀၀)ကျပ်၊ ကုလားပဲ 929 (၈၈၈၀၀) ကျပ်၊ ကုလားပဲ ထိုင်ဝမ် (၈၉၀၀၀)ကျပ် ပေါက်ဈေးရှိ ကြောင်းသိရသည်။ ယခင်ပတ်ကာလ တူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၆၅၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၆၅၀၀)ကျပ်၊ ပဲကြီး (၁၁၇၀၀၀)ကျပ်၊ မတ်ပဲ (၈၆၀၀၀) ကျပ်၊ ပဲတီစိမ်းကြီး (၅၄၀၀၀-၅၅၀၀၀)ကျပ်၊ ပဲတီစိမ်းသေး (၄၈၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၅၀၀၀) ကျပ်၊ ပဲနီလုံးကြား (၅၄၅၀၀) ကျပ်၊ ပုဂံပဲ (၉၀၀၀၀) ကျပ်၊ ပဲပုပ်စေ့ (၇၇၀၀၀) ကျပ်၊ CP ပြောင်းဖူးစေ့ (၁၈၅၀၀)ကျပ်၊ ကုလားဖြူ လုံးကြီး (၉၀၀၀၀)ကျပ်၊ ကုလားပဲ ဖြူလုံးသေး (၉၁၅၀၀) ကျပ်၊ ကုလားပဲ 929 (၈၈၅၀၀)ကျပ်၊ ကုလားပဲထိုင်ဝမ် (၈၈၀၀၀) ကျပ်ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူအချိန်နှင့် နှိုင်းယှဉ် ပါက ပဲကြီး တစ်တင်း (၃၀၀၀) ကျပ်၊ မတ်ပဲ တစ်တင်း (၁၅၀၀) ကျပ်၊ ပဲတီစိမ်းသေး တစ်တင်း (၁၀၀၀) ကျပ်၊ ပဲနီလုံးကြား တစ်တင်း (၅၀၀) ကျပ်၊ ပဲပုပ်စေ့ တစ်တင်း (၁၀၀၀)ကျပ်း၊ CP ပြောင်းဖူး စေ့ တစ်တင်း (၅၀၀)ကျပ်၊ ကုဖြူလုံးကြီး တစ်တင်း (၁၀၀၀)ကျပ်၊ ကုဖြူလုံးသေး တစ်တင်း (၁၅၀၀) ကျပ်၊ ကုလားပဲ 929 တစ်တင်း (၃၀၀)ကျပ်နှင့် ကုလားပဲ ထိုင်ဝမ် တစ်တင်း (၁၀၀၀) ကျပ် မြင့်တက်နေပြီး၊ ဂျုံဖြူသန့် တစ်တင်း (၅၀၀)ကျပ်၊ ဂျုံထွက်တိုး တစ်တင်း (၅၀၀) ကျပ်၊ ပဲတီစိမ်း ကြီး တစ်တင်း (၁၀၀၀) ကျပ်၊ ပဲနီလုံးရိုးရိုး တစ်တင်း (၁၀၀၀) ကျပ် အသီးသီးဈေးနှုန်းများ ကျဆင်းသွားကြောင်းသိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/naypyitaw_01112023_304

## ဝါသီးနှံစိုက်ပျိုးထွက်ရှိမှုနှင့်ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူနယ်သည် ဝါသီးနှံကိုအများဆုံးနှင့် အဓိကစိုက်ပျိုးထွက်ရှိသည့် ဒေသတစ်ခု ဖြစ်ပါသည်။ ပခုက္ကူဒေသမှထွက်ရှိသည့် အထည်များဖြစ်သည့် ချည်စောင်၊ တဘက်၊ လက်သုပ်ပဝါ၊ ပုဆိုး၊ လုံချည်တို့သည် နာမည်ရပြီးလည်း ဖြစ်ပါသည်။ ချည်ဖြင့်ယက်လုပ်ထားသည့်အထည်များသည် နွေရာသီတွင်အေးကာ ဆောင်းရာသီတွင် နွေး၍ ကျန်းမာရေးကိုလိုက်စားသည့်ခေတ်ဖြစ်၍ ကျန်းမာရေးနှင့်လည်းညီညွတ်ပါသည်။ ဝါသီးနှံသည် စက်မှုကုန်ကြမ်းသီးနှံ ဖြစ်သည့်အပြင် အရေးကြီးကုန်စည်အဖြစ် အစိုးရမှသတ်မှတ်ထားသော သီးနှံလည်းဖြစ်ပါသည်။

ဝါသီးနှံသည် ရာသီဥတုကောင်းပြီး အိန္ဒိယမျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် ပိဿာ (၈၀၀)မှ ပိဿာ (၁၀၀၀)ကြားထွက်ရှိကာ ရိုးရိုးမျိုးကိုစိုက်ပျိုးပါက တစ်ဧကလျှင် ပိဿာ(၄၀၀) လောက်ထိ ထွက်ရှိပြီး ယခုနှစ်တွင် ရာသီဥတု အခြေအနေမှာ မိုးလိုသည့်ရက်တွင်မရွာဘဲ အပွင့်ပွင့်သည့်အချိန်တွင် မိုးများဆက်တိုက် ရွာသွန်းမှုကြောင့် အပွင့်များ ကြွေကျကာ တစ်ဧကလျှင် ပျမ်းမျှပိဿာ(၂၀၀) ဝန်းကျင်သာထွက်ရှိကြောင်း သိရှိရပါသည်။ ယခုနှစ်တွင် စိုက်ဧကများ သော်လည်း အထွက်နှုန်းမှာနည်းပါသည်။

ဝါသီးနှံသည် စက်တင်ဘာလမှစ၍ ပေါ်ထွက်လာပြီဖြစ်ရာ ယခုအောက်တိုဘာလတွင် လှိုင်လှိုင်ပေါ်ထွက်လာပြီး ဈေးကွက်ထဲသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ဝါဈေးနှုန်းအနေဖြင့် ယခုရက်ပိုင်းတွင် ဝါတစ်ပိဿာလျှင် (၃၄၀၀)ကျပ် ဈေးရရှိနေပြီး ထွက်ရှိလာသော ဝါများကို ကြိတ်စက်တွင် ကြိတ်ကာ ပြည်တွင်းစက်ရုံများနှင့် ပြည်ပဝယ်လက်အနေဖြင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချရကြောင်း၊ ပြီးခဲ့သည့်နှစ် ဝါပေါ်စတွင် ဝါတစ်ပိဿာလျှင် (၂၆၀၀-၂၇၀၀)ကျပ်

ဈေးသာရရှိကာ ယခုနှစ်တွင် ဝါဈေးနှုန်းမှာ (၃၄၀၀)ကျပ်ထိ ရရှိသည့်အတွက် ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက အထွက်နှုန်းနည်းသော်လည်း ဝါဈေးနှုန်းကောင်းမွန်ကြောင်း ဝါလုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရပါသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/naypyitaw_1112023_300

## မန္တလေးကုန်စည်ဒိုင်၏ မြေပဲဆန်ဈေးနှုန်း ဆက်တိုက်ကျဆင်းလာ

အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ကျောက်ပိတောင်း၊ မကွေး၊ အောင်လံ၊ တပ်ကုန်းဘက်မှ မြေပဲဆန်အသစ်များ ဝင်ရောက်နေကြောင်းသိရသည်။ မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုနည်းခြင်း၊ ဆီဆန်ကို ဆီစက်သမားများမှ ဝယ်ယူမှုအေးခြင်းတို့ကြောင့် မြေပဲဈေးနှုန်း ဆက်တိုက်ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၀၀၀ မှ ၅၅၀၀၊ ယခင်တစ်ပတ်ကျပ် ၅၅၀၀ မှ ၅၈၀၀၊ ယခင်လကျပ် ၇၅၀၀ မှ ၈၃၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၅၀၀၊ ယခင်လထက်ကျပ် ၂၅၀၀ မှ ၂၈၀၀ နိမ့်ကျလာသည်။

မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခု တစ်ပတ် ကျပ် ၅၈၀၀ မှ ၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၉၀၀ မှ ၆၁၀၀၊ ယခင်လ ကျပ် ၆၈၀၀ မှ ၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ၊ ယခင်လထက် ကျပ် ၁၀၀၀ နိမ့်ကျလာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၃၀၀ မှ ၅၅၀၀၊ ယခင်တစ်ပတ်ကျပ် ၅၄၀၀ မှ ၅၇၀၀၊ ယခင်လကျပ် ၆၃၀၀ မှ ၆၆၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀ ယခင်လထက် ကျပ် ၁၀၀၀ နိမ့်ကျလာသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/naypyitaw_01112023_302

## တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုဆောင်ရွက်နိုင်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများနှင့်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် လက်ဖက်ခြောက် (၁၆.၈) တန်၊ တန်ဖိုး (၀.၀၁၀) ဒေါ်လာသန်း၊ ထောပတ်သီး (၁၃) တန်၊ တန်ဖိုး (၀.၀၀၇) ဒေါ်လာသန်းနှင့် စက္ကူဖြတ်စ (၂၀) တန်၊ တန်ဖိုး (၀.၀၀၂) ဒေါ်လာသန်း၊ ပလတ်စတစ်ဖြတ်စ (၁၆) တန်၊ တန်ဖိုး (၀.၀၀၈) ဒေါ်လာသန်း စုစုပေါင်း (၀.၀၂၇) ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် စက်သုံးဆီ၊ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများအဓိက တင်သွင်းလျက်ရှိပြီး ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် ဘိလပ်မြေ (၂၇၅)တန်၊ တန်ဖိုး(၀.၀၂၂)ဒေါ်လာသန်း၊ မီးခံအုတ် (၃၆) တန်၊ တန်ဖိုး (၀.၀၀၅) ဒေါ်လာသန်း၊ ကြွေပြား (၁၃၅)စတုရန်းမီတာ၊ တန်ဖိုး (၀.၀၀၁) ဒေါ်လာသန်းနှင့် အခြားပစ္စည်းများတန်ဖိုး (၀.၀၁၅) ဒေါ်လာသန်း တင်သွင်းခဲ့သည်။

ထိုင်းနိုင်ငံသုံး ဘတ်ငွေလဲနှုန်းအနေဖြင့် ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် ကျပ် (၁) သိန်းလျှင် (၁၁၁၁) ဘတ် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

**Source: DOT (တာချီလိတ်)**

https://www.commerce.gov.mm/my/article/update-news-border-area-trade/%E1%80%

## ထိုင်းသကြား အထွက်နည်းမည်ဖြစ်သဖြင့် ကမ္ဘာ့သကြားဈေး မြင့်တက်မည်



ထိုင်းနိုင်ငံတွင် ယမန်နှစ်က ကြံတန်ချိန် ၁၁ သန်း ထွက်ခဲ့ပြီး ယခုနှစ် ကြံရာသီ ၂၀၂၃-၂၄ တွင် မိုးခေါင်မှုကြောင့် ကြံခင်းများ ပျက်စီးပြီး ကြံပမာဏ လျော့ကျသွားသည်။ တန်ချိန် ၇ သန်း၊ ၈ သန်းမျှသာ ထွက်သည့်အထိ လျော့ကျမည်ဟု ထိုင်းသကြားစက်ကော်ပိုရေးရှင်းက ခန့်မှန်းထားသည် သို့ဖြစ်ရာ ထိုင်းသကြား ပြည်ပတင်ပို့သည့် ပမာဏသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၄ သန်း၊ ၅ သန်းသာ ရှိလိမ့်မည်။ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၇ သန်းတင်ပို့ခဲ့သည်ထက် များစွာလျော့နည်းလိမ့်မည်ဟု ၎င်းလုပ်ငန်းစုမှ ဒါရိုက်တာ Rangsit Hiangrat က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ကမ္ဘာ့ထိပ်တန်း တင်ပို့ရောင်းချသည့် သုံးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်သည်။ သို့ဖြစ်ရာ ထိုင်းသကြား အထွက်နည်းသဖြင့် ပြည်ပတင်ပို့မှု လျော့ကျသည့်အခါ ကမ္ဘာ့ဈေးကွက်ထဲသို့ သကြားအဝင်နည်းပြီး သကြားဈေး တက်လိမ့်မည်။ လောလောဆယ်တွင် ကမ္ဘာ့ဈေးကွက်ထဲမှာ သကြားဈေးနှုန်းသည် ၁၂ နှစ်တာအတွင်း စံချိန်တင်အမြင့်ဆုံးမှာ ရောက်ရှိနေသည်။ ယခုနှစ်တွင် အိန္ဒိယမှာလည်း သကြားအထွက်နည်းသဖြင့် ပြည်ပတင်ပို့နိုင်ဖွယ်မရှိကြောင်း Food Industry Guide တွင် တင်ပြခဲ့ပါသည်။

ထိုင်းအစိုးရက သကြားကို ထိန်းချုပ်ထားသော ကုန်စည်အဖြစ် စာရင်းသွင်းရန် အင်္ဂါနေ့ (အောက်တိုဘာ ၃၁)တွင် ဆုံးဖြတ်ခဲ့သည်။ စာရင်းသွင်းထားမည့် သက်တမ်းမှာ ၁ နှစ်ဖြစ်ပါသည်။

ထိန်းချုပ်ကုန်စည် စာရင်းဝင်သွားပြီဖြစ်သဖြင့် ပြည်တွင်းလက်လီ အရောင်းဈေးနှုန်းပြောင်းလိုပါက အစိုးရထံတင်ပြပြီး ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။ ပြည်ပသို့ တစ်တန်နှင့်အထက် တင်ပို့ရန်အတွက်လည်း ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။

Source: Bloomberg

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/7162-sugar.html

## အင်ဒိုနီးရှား ဆီအုန်းစိုက်ခင်း ဟက်တာ ၂ သိန်းကို သစ်တောများအဖြစ်သို့ ပြန်ပြောင်းလဲမည်

အင်ဒိုနီးရှားနိုင်ငံတွင် သစ်တောများအဖြစ်သတ်မှတ်ထားသော ဧရိယာများမှာ တွေ့ရှိရသည့် ဆီအုန်းစိုက်ခင်း ဟက်တာ ၂ သိန်း(၄၉၄,၂၁၀ ဧက) ခန့်ကို သစ်တောအဖြစ်သို့ ပြန်လည်ရောက်ရှိစေမည်ဟု အစိုးရက ပြောကြားသည်။

စားအုန်းဆီ ကမ္ဘာ့အများဆုံး ထုတ်လုပ်တင်ပို့ရောင်းချသည့် အင်ဒိုနီးရှားသည် သစ်တောများဟု ယူဆရသည့် ဧရိယာများတွင် လုပ်ကိုင်နေသော စိုက်ခင်းများကို အရေးယူနိုင်စေရန် ၂၀၂၀ ခုနှစ်တွင် စည်းမျဉ်းများထုတ်ပြန်ခဲ့သည်။ ကုမ္ပဏီများသည် ၎င်းတို့၏စိုက်ခင်းတွင် စိုက်ပျိုးခွင့်ရရှိရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂ ရက် နောက်ဆုံး ထားပြီး စာရွက်စာတမ်းများတင်ပြကာ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း အဆိုပါစည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသည်။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများကိုဖော်ထုတ်ပြီး အရေးယူမည်ဖြစ်သည်။

အင်ဒိုနီးရှားတွင် ဆီအုန်းစိုက်ခင်းဟက်တာ ၁၇ သန်းနီးပါးရှိပြီး ဟက်တာ ၃ ဒသမ ၃ သန်း (ဧက ၈ ဒသမ ၁ သန်း) သည် သစ်တောများအတွင်း စိုက်ပျိုးထားခြင်းဖြစ်သည်။ ယင်းတို့အနက် ဟက်တာ ၁.၆၇သန်းကိုသာ ပိုင်ရှင်များ ဖော်ထုတ်

သိရှိထားသည်ဟု သစ်တောရေးရာဝန်ကြီးဌာန အထွေထွေ အတွင်းရေးမှူး Bambang Hendroyono က ပြောကြားသည်။

အစိုးရက အမျိုးအစား နှစ်မျိုးခွဲခြားပြီး စာရင်းပြုစုနေဆဲဖြစ်သည်။ တစ်မျိုးမှာ သစ်တောများအတွင်း တွေ့ရှိရသော စိုက်ခင်းများအတွက် ပိုင်ရှင်များက ဒဏ်ကြေးပေးဆောင်ပြီး ဆက်လက်စိုက်ပျိုးနိုင်သည်။ နောက်တမျိုးမှာ သဘာဝ ထိန်းသိမ်းရေး သစ်တောနယ်မြေများတွင်ရှိနေသည့် စိုက်ခင်းများသည် ဒဏ်ကြေးပေးဆောင်ပြီး နိုင်ငံတော်သို့ စိုက်ခင်းဧရိယာကို မဖြစ်မနေပြန်လည်အပ်နှံရမည်။ ဆက်လက်လုပ်ကိုင်ခွင့်မရှိချေ။ ထိုသို့ပြန်အပ်နှံရမည့် စိုက်ခင်းများသည် ဟက်တာ ၂ သိန်းခန့်ရှိမည်ဟု ၎င်းကခန့်မှန်းသည်။ "ကာကွယ်ထားတဲ့ သစ်တောတွေနဲ့ ထိန်းသိမ်းရေးသစ်တောတွေမှာ ရှိနေတဲ့သူတွေကို ဒဏ်ကြေးပေးဆောင်စေပြီးရင် အစိုးရက သစ်တောများအဖြစ်သို့ ပြန်ပြောင်းလဲလိုသည်ဟု Bambang က ပြောကြားသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/7163-palmoil.html

## ကနေဒါမှ ပဲနီလေးဝယ်ယူတင်သွင်းမှုကို အိန္ဒိယကုန်သည်များက ရပ်ဆိုင်းထား



နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးတင်းမာမှု အရှိန်မြင့်တက်လာသည့်အခြေအနေတွင် တစ်ဖက်ဖက်မှ အကောက်ခွန်ဆိုင်ရာ လက်တုံ့ပြန်မှုများ ချမှတ်ဆောင်ရွက်လာနိုင်မည့်အရေးကို စိုးရိမ်မှုများရှိသည့်အလျောက် အိန္ဒိယနိုင်ငံရှိ သွင်းကုန်လုပ်ငန်းရှင်များသည် ကနေဒါနိုင်ငံထံမှ ပဲနီလေး ဝယ်ယူတင်သွင်းရန် စာချုပ်အသစ်များ ထပ်မံချုပ်ဆိုခြင်း မပြုပဲ ရပ်ဆိုင်းထားကြောင်း Economic Times သတင်းဌာနက ဖော်ပြပါသည်။

ကနေဒါနိုင်ငံသည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသို့ ပဲနီလေးအများဆုံး တင်သွင်းခဲ့သည့်နိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံအတွင်းသို့ ပဲမျိုးစုံ တင်သွင်းမှုစုစုပေါင်း၏ ထက်ဝက်ကျော် မက်ထရစ်တန် ၄၈၅၄၉၂ တန်ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ ရောင်းချခဲ့ပါသည်။

နှစ်နိုင်ငံအကြား သံတမန်ရေးတင်းမာမှုများကြောင့် ပဲအမျိုးမျိုးတင်သွင်းခွင့် စာချုပ်အသစ်များမရှိသေးဟု အမည်မဖော်လိုသည့် ပို့ကုန်လုပ်ငန်းကြီးတစ်ခု၏ အကြီးတန်းအမှုဆောင်တစ်ဦးက ပြောကြားခဲ့ပါသည်။ သို့သော်လည်း သံတမန်ရေးတင်းမာမှုများမစတင်မီ ချုပ်ဆိုခဲ့သော စာချုပ်များကို ဆက်လက်ဆောင်ရွက်မှုရှိကြောင်း ကုန်သည်များကပြောသည်။

ယခုနှစ် ဇွန်လအတွင်း ကနေဒါနိုင်ငံ၏ပိုင်နက်မြေတွင် ဆစ်ခ်ခွဲထွက်ရေးခေါင်းဆောင်တစ်ဦး လုပ်ကြံခံရမှု၌ အိန္ဒိယအေးဂျင့်များပါဝင်ပတ်သက်နေသည်ဟု သံသယဖြစ်ဖွယ်ရှိကြောင်း ကနေဒါဝန်ကြီးချုပ် Justin Trudeau က ပြီးခဲ့သည့်လပိုင်းတွင် ပြောကြားခဲ့ပြီးနောက်ပိုင်းမှစ၍ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး တင်းမာမှုများ ဖြစ်ပွားခဲ့ပါသည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ယခုစွပ်စွဲချက်မှာ အဓိပ္ပာယ်မရှိကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်။

အငြင်းပွားမှုများဖြစ်ပွားသည့်ကြားထဲမှ သံတမန်ဆက်ဆံရေးများလျှော့ချရန် အိန္ဒိယဖက်မှ တောင်းဆိုလာခဲ့ပြီးနောက် ကနေဒါနိုင်ငံသည် အိန္ဒိယနိုင်ငံရှိ ၎င်း၏ သံတမန် ၄၁ ဦးကို ပြန်လည်ခေါ်ယူခဲ့ပြီး အိန္ဒိယသံတမန်အဖွဲ့ကိုလည်း နှင်ထုတ်ခဲ့သည်။ လက်ရှိအချိန်အထိ မည်သည့်ဖက် ကမျှ ကုန်သွယ်မှုအတားအဆီးများ ဖြစ်စေနိုင်သည့် အခွန်စည်းကြပ်မှုများ ချမှတ်မှုမရှိသေးကြောင်း တွေ့ရှိရပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပဲနီလေးကို နိုင်ငံများစွာထံမှ ရယူတင်သွင်းလျက်ရှိရာ သြစတြေးလျသည် အများဆုံး တင်သွင်းခွင့်ရရှိထားသည့် နိုင်ငံဖြစ်လာဖွယ်ရှိသည်။ ထို့အပြင် အိန္ဒိယနိုင်ငံသည် မကြာသေးမီကလည်း အမေရိကန်နိုင်ငံမှ တင်သွင်းလာသော ပဲနီလေးအပေါ် ကောက်ခံသည့် အမျိုးမျိုးသော အကောက်ခွန်များကို ကင်းလွတ်ခွင့်အပြည့်အဝ ပေးအပ်ခဲ့သည်။ ရုရှား၊ စင်္ကာပူ၊ တူရကီနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည်လည်း အိန္ဒိယ၏ ပဲနီလေးတင်သွင်းသည့်နိုင်ငံများ ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံသည် နှစ်စဉ်ပဲနီလေးတန်ချိန် ၁.၆ သန်းခန့် ထုတ်လုပ်မှုရှိပြီး ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၂.၃သန်းခန့်ရှိရာ ဈေးကွက်လိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းနေရသည်။ ပဲနီလေးရောင်းလိုအားလျော့နည်းမှုက ယခင်လကတည်းကပင် ပဲမျိုးစုံဈေးနှုန်းဖောင်းပွမှု ၁၃% အထိ မြင့်တက်နေခဲ့သည့် အိန္ဒိယပြည်တွင်းဈေးနှုန်းများကို ပိုမိုမြင့်တက်လာစေဖွယ်ရှိသည်။

**Source: Economic Times, 25 Oct 2023 (လယ်ယာထွက်ကုန်များနှင့်အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source: https://www.doca.gov.mm/my/node/14778**

https://myantrade.gov.mm/article/Naypyitaw_02112023_1014

## ၂၀၂၄ ခုနှစ်တွင် ပြည်တွင်းထုတ်လုပ်မှုဖြင့် ဆန်ဖူလုံမှုရှိစေရေး အင်ဒိုနီးရှားဆောင်ရွက်

အင်ဒိုနီးရှားနိုင်ငံအစိုးရအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပြည်ပမှဆန်တင်သွင်းမှုကို ရှောင်ကြဉ်လျက် နိုင်ငံအတွင်း ဆန်စပါးထုတ်လုပ်မှုမှ ဖူလုံမှုရှိစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရှိပါသည်။

ခေတ္တစိုက်ပျိုးရေးဝန်ကြီး Arief Prasetyo Adi က လာမည့်နှစ်တွင် ဆန်တန်ချိန် ၃၅ သန်းအထိ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်အောင် ပြင်ဆင်ထားရန် စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ်သို့ ညွှန်ကြားထားကြောင်း၊ ၂၀၂၃ ခုနှစ်လျာထားချက် တန်ချိန် ၃၁ သန်းထက် ပိုမိုမြင့်မားမှုရှိပြီး တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှတင်သွင်းရန်မလိုပဲ ပြည်တွင်းလိုအပ်ချက်ကို ဖူလုံစေမည်ဖြစ်ကြောင်း၊ လျာထားချက်ပြည့်မီရန်အတွက် ၁ ဟက်တာလျှင် ၅.၂ တန်အထွက်နှုန်းရှိရာမှ ၅.၄ မှ ၅.၅ တန်အထိ၊ လိုအပ်ပါက ၅.၇ တန်အထိ အထွက်နှုန်းတိုးတက်ရရှိရန် လိုအပ်ကြောင်းဖြင့် ၂၃-၁၀-၂၀၂၃ နေ့တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ စာရင်းအင်းအဖွဲ့မှ ကောက်ယူခဲ့သော Area Sample Frame (KSA) စစ်တမ်းအရ ၂၀၂၃ ခုနှစ်တွင် ခန့်မှန်းစပါးရိတ်သိမ်းဧရိယာမှာ ဟက်တာ ၁၀.၂၀ သန်း ရှိပြီး စပါးတန်ချိန် ၅၃.၆၃ သန်း သို့မဟုတ် ကြိတ်ခွဲပြီး ဆန်တန်ချိန် ၃၀.၉၀ သန်း ထွက်ရှိမည်ဟု တွက်ဆထားသည်။ တစ်ချိန်တည်းတွင် ဆန်စားသုံးမှုသည် တန်ချိန် ၃၀.၆၂ သန်းရှိမည်ဟု ခန့်မှန်းထားပြီး ဆန်တန်ချိန် ၀.၂၈ သန်း ပိုလျှံမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွက် ဆန်စပါးထုတ်လုပ်မှု လျာထားချက်ကိုပြည့်မီစေရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝှမ်းရှိ စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် ပူးပေါင်း၍ လာမည့်နိုဝင်ဘာလမှမတ်လအထိ ၂၀၂၃-၂၀၂၄ ခုနှစ်၏ ပထမစိုက်ပျိုးရာသီကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ မျိုးစေ့၊ ဓာတ်မြေသြဇာ၊ ဆည်ရေပေးဝေမှု၊ ပိုးမွှားထိန်းချုပ်ရေးနှင့် လယ်ယာလုပ်သားများ ရရှိမှုတို့အပေါ် အာမခံချက်ရှိရေးမှာ အရေးကြီးကြောင်း၊ ထို့အပြင် လယ်သမားများနှင့် လယ်ယာမြေစီးပွားရေးလုပ်ငန်းများကိုလည်း လယ်ယာအာမခံများပေးရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြေပြင်ပြဿနာများနှင့် လယ်သမားများကြုံတွေ့ရမည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် တာဝန်ခံများကိုလည်း ဒေသအလိုက် ခန့်အပ်ထားပြီးဖြစ်သဖြင့် တိုးချဲ့လုပ်သားများ၏ အခန်းကဏ္ဍကို ပိုမိုကောင်းမွန်အောင်မြှင့်တင်ခြင်းသည် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ခေတ္တစိုက်ပျိုးရေးဝန်ကြီး Adi က ဆက်လက်ပြောကြားခဲ့သည်။

Source: Antara News, 23 Oct 2023 **(လယ်ယာထွက်ကုန်များနှင့်အမိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

Source:https://www.doca.gov.mm/my/node/14775

https://myantrade.gov.mm/article/Naypyitaw_1112023_1144

# STOCK EXCHANGE (2.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 2nd Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,123 (Shares) | 2,210,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 0 | 0 | 33,109,694 | 294,676 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 53 | 156,350 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 50 | 82,500 | 29,664,613 | 48,947 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 2,050 | +0 | +0.00% | 2,050 | 2,050 | 2,050 | 507 | 1,039,350 | 19,977,223 | 40,953 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 11 | 53,900 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | -50 | -2.78% | 1,800 | 1,800 | 1,750 | 502 | 878,600 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 2nd Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.60 | -1.67 | -0.44% | 378.27 | 378.27 | 376.60 | 1,123 | 2,210,700 | 8 | 710,345 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 2nd Nov. 2023

| Trading Volume | Trading Value |
|---|---|
| 1,123 (Shares) | 2,210,700 (MMK) |

### Main Board

As of 1:00 pm, 2nd Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,123 (Shares) | 2,210,700 (MMK) |

| MYANPIX | 376.60 ▼ 1.67 |
|---|---|
| Total Volume (shares) | 1,123 |
| Total Value (MMK) | 2 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,345 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,050 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▼ 50 |